# အဆင့်မြှင့်တင်ထားသည့် Bar Code/ QR Code များဖြင့် စက်သုံးဆီရောင်းချပေး သွားမည်ဖြစ်၍ ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးထုတ်ပြန်ခြင်း

စက်သုံးဆီဝယ်ယူရာတွင် စက်စွမ်းအားအလိုက် ဝယ်ယူခွင့်ပမာဏကို သတ်မှတ်ပြီး ပိုမို၍ ပြည့်စုံသည့်စနစ်ဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့များ တွင် ၂၇-၃-၂၀၂၆ ရက်နေ့မှစ၍ ရောင်းချသွားမည်ဖြစ်ပြီး ကျန်မြို့များတွင်လည်း ယခုစနစ်အား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စနစ်အားအသုံးပြုရာတွင် မော်တော်ယာဉ်၏ Wheel Tax တွင် အာမခံမှုအမှတ်အသား (Hologram) ပါရှိမှသာ အရောင်းဆိုင်ဝန်ထမ်းက Scan ဖတ်မည်ဖြစ်ပါသည်။







ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ အာမခံမှုအမှတ်အသား (Hologram)

ယင်းအချိန်တွင် Gas ကားဖြစ်ပါက "**Gas ဆိုင်တွင်သာ ဝယ်ယူရန်**" စာသားပေါ်လာမည် ဖြစ်ပါသည်။

Gas ဆိုင်တွင်သာ ဝယ်ယူရန်

ဓာတ်ဆီ၊ ဒီဇယ်ဆီကားများဖြစ်ပါက မော်တော်ယာဉ်နံပါတ်၊ တစ်ပတ်အတွင်း ဝယ်ယူခွင့် ပမာဏ၊ ဝယ်ယူပြီးသည့်ပမာဏ၊ ဝယ်ယူရန်ကျန်ရှိသည့်ပမာဏ ပေါ်လာမည်ဖြစ်ပါသည်။

| **ယာဉ်အမှတ်- 1A/1111** | |
|---|---|
| ယခုအပတ်အတွက်ဝယ်ယူခွင့်ပြုသည့်ပမာဏ | ၃၅ လီတာ |
| ဝယ်ယူပြီးသည့်ပမာဏ | ၀ လီတာ |
| ဝယ်ယူရန်ကျန်ရှိသည့်ပမာဏ | ၃၅ လီတာ |

ဝယ်ယူမည့်ဆီအမျိုးအစားနှင့်ပမာဏကို ဖြည့်သွင်းပြီး ဝယ်ယူနိုင်မည်ဖြစ်ပြီး ရောင်းချသည့် ဆိုင်နံပါတ်၊ တည်နေရာ၊ ဆီပမာဏများ အလိုအလျောက် Server သို့ ဝင်ရောက်သွားပါမည်။

| **ယာဉ်အမှတ်- 1A/1111** | | | | |
|---|---|---|---|---|
| 92 | 95 | 97 | HSD | PHSD |
| **ဝယ်ယူမည့်ပမာဏ** | **၂၀ လီတာ** | | | |

→ Server တွင် ဆီပမာဏ အပါအဝင် ရောင်းချမှု မှတ်တမ်းဝင်သွားပါမည်။

ဝယ်ယူသည့်ပမာဏကို ရောင်းချပါမည်။

ဒုတိယအကြိမ်ထပ်မံဝယ်ယူသည့်အချိန်တွင် Quota ကုန်နေပါက ဝယ်ယူခွင့် မပြုကြောင်း ဖော်ပြပေးပါမည်။




သတ်မှတ်ပေးသည့် Quota ကို တစ်ပတ်အတွင်း အပြီးအပြတ် ဝယ်ယူရပါမည်။

ခရီးဝေးသွားရောက်မည့်ယာဉ်များအတွက် မူလဝယ်ယူထားသည့် စက်သုံးဆီငွေရှင်းပြေစာကိုပြသ၍ ရောက်ရှိရာ အခြားတိုင်းဒေသကြီး/ပြည်နယ်ရှိ အရောင်းဆိုင်များတွင် Scan ဖတ်၍ ထပ်မံဝယ်ယူနိုင်မည်ဖြစ်ပါသည်။

ခရီးဝေးပြေးဆွဲနေသည့် အထူးဘတ်စ်ကား၊ လူမှုကူညီရေးယာဉ်၊ လူနာတင်ယာဉ်၊ နိဗ္ဗာန်ယာဉ်၊ စည်ပင်အမှိုက်သိမ်းယာဉ်၊ ရေပုတ်စုပ်ယာဉ် စသည့်ယာဉ်များကို Quota များ သတ်မှတ်ခြင်းမရှိဘဲ အရောင်းဆိုင်များမှ လိုအပ်သည့်ပမာဏအတိုင်း စိစစ် ရောင်းချပေးသွားပါမည်။ Scan ဖတ်၍ မှတ်တမ်းတင်ထားပြီး Online Monitoring စနစ်ဖြင့် ကြပ်မတ် ထိန်းကျောင်းသွားပါမည်။

ကုန်တင်ယာဉ်ကြီးများအနေဖြင့် မြို့ပြင်ရှိစက်သုံးဆီဆိုင်များတွင်သာ QR Code စနစ်ဖြင့် ဖြည့်သွင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

စက်မှုလယ်ယာကဏ္ဍတွင် အသုံးပြုသည့် ထွန်စက်၊ လယ်ယာသုံးစက်ကိရိယာများ၊ အိမ်တွင်းစက်မှုလုပ်ငန်းများနှင့် မီးစက်များအတွက် စွမ်းအင်ဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသည့်ပုံစံတွင် ဖြည့်စွက်၍ နီးစပ်သောအရောင်းဆိုင်များတွင် မှတ်တမ်းထားရှိ၍ ရောင်းချပေးမည် ဖြစ်ပါသည်။

စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် Bar Code သို့မဟုတ် QR Code ဖတ်၍ ရောင်းချပေးထားမှုနှင့် ပုံစံတွင်ဖြည့်စွက်၍ ရောင်းချပေးထားသည့် စက်သုံးဆီပမာဏကိုသာ ပြန်လည်ဖြည့်တင်းခွင့်ရရှိမည်ဖြစ်ပါသည်။

ယာဉ်တစ်စီးချင်းအနေဖြင့် တစ်ပတ်စာဝယ်ယူခွင့်အကြိမ်ရေနှင့် ပမာဏကို ထုတ်ပြန်ပေးမည်ဖြစ်ပြီး သတ်မှတ်ချက်အတိုင်း ရောင်းချပေးသွားမည်ဖြစ်ပါသဖြင့် ပြည်သူများ အဆင်ပြေချောမွေ့စွာ စက်သုံးဆီဝယ်ယူခွင့်ရရှိနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**

## ယာဉ်အုပ်စုနှင့် စက်စွမ်းအားအလိုက် တစ်ပတ်အတွင်းဝယ်ယူခွင့်ရှိမည့်စက်သုံးဆီပမာဏအခြေပြဇယား

| စဉ် | ယာဉ်အုပ်စု | စက်စွမ်းအား | တစ်ပတ်အတွင်းဝယ်ယူခွင့်ရှိမည့် ပမာဏ(ဓာတ်ဆီ/ဒီဇယ်ဆီ) | | တစ်ပတ်အတွင်းအများဆုံး ဝယ်ယူနိုင်မည့်အကြိမ်ရေ |
|---|---|---|---|---|---|
| | | | လီတာ | ဂါလန် | |
| ၁ | ဆိုင်ကယ် | - | ၈ | ၁.၈ | ၂ ကြိမ် |
| ၂ | သုံးဘီး | - | ၂၅ | ၅.၅ | ၃ ကြိမ် |
| ၃ | ထရော်လာဂျီ | - | ၃၀ | ၆.၆ | ၃ ကြိမ် |
| ၄ | အိမ်စီးမော်တော်ယာဉ်နှင့် ဌာနဆိုင်ရာယာဉ် (နံပါတ်အနက်) (Saloon, Station Wagon, Jeep စသည့်) | ၂၀၀၀ စီစီ အထိ | ၃၅ | ၇.၇ | ၂ ကြိမ် |
| | | ၂၀၀၀ စီစီ အထက်မှ ၃၀၀၀ စီစီ အထိ | ၄၀ | ၈.၈ | ၂ ကြိမ် |
| | | ၃၀၀၀ စီစီ အထက် | ၄၅ | ၉.၉ | ၂ ကြိမ် |
| | Taxi (နံပါတ်အနီ) (Saloon, Van စသည့်) | ၂၀၀၀ စီစီ အထိ | ၉၀ | ၁၉.၈ | ၃ ကြိမ် |
| | | ၂၀၀၀ စီစီ အထက်မှ ၃၀၀၀ စီစီ အထိ | ၁၀၀ | ၂၂ | ၃ ကြိမ် |
| | | ၃၀၀၀ စီစီ အထက် | ၁၁၀ | ၂၄.၂ | ၃ ကြိမ် |
| ၅ | ပုဂ္ဂလိကနှင့်ဌာနဆိုင်ရာကုန်တင် ဝန်ပေါ့ (Light Duty ) ယာဉ် (နံပါတ်အနက်နှင့်အနီ) (Light Truck, Truck, Pickup စသည့်) | ၂၀၀၀ စီစီ အထိ | ၉၀ | ၁၉.၈ | ၂ ကြိမ် |
| | | ၂၀၀၀ စီစီ အထက် | ၁၁၀ | ၂၄.၂ | ၂ ကြိမ် |
| | **မှတ်ချက်။ ခရီးဝေးထွက်ခွာပါက ခရီးလမ်းတစ်လျှောက်ရှိ အရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။** | | | | |
| ၆ | ပုဂ္ဂလိကနှင့်ဌာနဆိုင်ရာကုန်တင် ဝန်လေး (Heavy Duty)ယာဉ် (နံပါတ်အနက်/အနီ)(Truck စသည့်) | ၆၀၀၀ စီစီ အထိ | ၁၂၀ | ၂၆.၄ | ၂ ကြိမ် |
| | | ၆၀၀၀ စီစီ အထက် | ၁၅၀ | ၃၃ | ၂ ကြိမ် |
| | **မှတ်ချက်။ ခရီးဝေးထွက်ခွာပါက ခရီးလမ်းတစ်လျှောက်ရှိ အရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။** | | | | |
| ၇ | Tractor Head ယာဉ် (နံပါတ်အနက်/အနီ) | ၈၀၀၀ စီစီ အထိ | ၂၀၀ | ၄၄ | ၂ ကြိမ် |
| | | ၈၀၀၀ စီစီ အထက် | ၂၅၀ | ၅၅ | ၂ ကြိမ် |
| | **မှတ်ချက်။ ခရီးဝေးထွက်ခွာပါက ခရီးလမ်းတစ်လျှောက်ရှိ အရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။** | | | | |
| ၈ | Dump Truck ယာဉ် (နံပါတ်အနက်/အနီ) | ၆၀၀၀ စီစီ အထိ | ၁၂၀ | ၂၆.၄ | ၂ ကြိမ် |
| | | ၆၀၀၀ စီစီ အထက်မှ ၈၀၀၀ စီစီ အထိ | ၁၅၀ | ၃၃ | ၂ ကြိမ် |
| | | ၈၀၀၀ စီစီ အထက် | ၂၅၀ | ၅၅ | ၂ ကြိမ် |
| | **မှတ်ချက်။ ခရီးဝေးထွက်ခွာပါက ခရီးလမ်းတစ်လျှောက်ရှိ အရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။** | | | | |
| ၉ | ပုဂ္ဂလိကနှင့်ဌာနဆိုင်ရာယာဉ် (နံပါတ်အနက်)(Bus , Micro Bus, Mini Bus, City Bus စသည့်) | ၂၀၀၀ စီစီ အထိ | ၇၀ | ၁၅.၄ | ၃ ကြိမ် |
| | | ၂၀၀၀ စီစီ အထက်မှ ၃၀၀၀ စီစီ အထိ | ၉၀ | ၁၉.၈ | ၃ ကြိမ် |
| | | ၃၀၀၀ စီစီနှင့်အထက် | ၁၁၀ | ၂၄.၂ | ၃ ကြိမ် |
| | ပုဂ္ဂလိကခရီးသည်တင်(Bus)ယာဉ် (နံပါတ်အနီ) | Quota သတ်မှတ်ခြင်းမပြုဘဲ ထည့်သွင်းသည့်ပမာဏကိုသာ Scan ဖတ်၍ မှတ်သားပါမည်။ | | | - |
| ၁၀ | လူမှုကူညီရေးယာဉ်/လူနာတင်ယာဉ်/ နိဗ္ဗာန်ယာဉ်၊စည်ပင်အမှိုက်သိမ်းယာဉ်/ရေပုတ်စုပ် ယာဉ် စသည့် ယာဉ်များ | အဆိုပါယာဉ်များကို Quota သတ်မှတ်ခြင်းမရှိဘဲ အရောင်းဆိုင်များမှ လိုအပ်သည့်ပမာဏအတိုင်း စိစစ်ရောင်းချပေးသွားပါမည်။ | | | - |